# ဆေးသုမိသားစု

# အီလက်ထရောနစ်သတင်းလွှာ



အတွဲ၂၊ အမှတ်၃ လတပေါင်းစာစောင် ဖေဖော်ဝါရီလ ၂၀၁၃

***“ဆေးသုအားမာန် ပြည့်ကျိုးအမှန်”***

## (၄၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ (၄၁)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကို ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ၇.၁.၂၀၁၃ (တနင်္လာနေ့)မှ ၁၁.၁.၂၀၁၃ (သောကြာနေ့) ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ၄း၃၀နာရီထိ ကျင်းပပြုလုပ်ခဲ့ပါသည်။









၇.၁.၂၀၁၃ရက်နေ့ ညီလာခံဖွင့်ပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာဖေသက်ခင်၊ ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ နိုင်ငံခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့်စာတမ်းရှင်များ တက်ရောက်ကြပါသည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်မှ အဖွင့်အမှာစကားပြောကြားပါသည်။

ထို့နောက် အထူးဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စာတမ်းရှင်များနှင့် အမှတ်တရစုပေါင်းဓါတ်ပုံရိုက်ကူးပါသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ခင်းကျင်းပြသထားသော သုတေသနပိုစတာပြပွဲနှင့် ဆေးနှင့်ဆေးပစ္စည်းပြခန်းကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို လမ်းညွှန်ခဲ့ပါသည်။





ယခုကျင်းပသည့် (၄၁)ကြိမ်မြောက်ညီလာခံတွင် သုတေသနစာတမ်းဖတ်ပွဲများကို နံနက်ပိုင်းတွင် ကျင်းပ၍ ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲများကို မွန်းလွဲပိုင်း၌ သီးသန့်ကျင်းပပြုလုပ်ခဲ့ပါသည်။ စာတမ်းဖတ်ပွဲ ပထမနေ့တွင် သုတေသနစာတမ်းပေါင်း(၁၄)စောင်၊ ဒုတိယနေ့တွင် (၂၂)စောင်၊ တတိယနေ့တွင် (၂၂)စောင်၊ စတုတ္ထနေ့တွင် (၂၂)စောင်နှင့် ညီလာခံနောက်ဆုံးနေ့တွင် (၈)စောင်တို့ဖြင့် စုစုပေါင်း(၈၈)စောင် တင်သွင်းဖတ်ကြားခဲ့ကြပါသည်။










သုတေသနပိုစတာပြိုင်ပွဲတွင် သုတေသနပိုစတာ(၂၅)စောင်ကို တင်သွင်းပြသခဲ့ပြီး ပညာရပ်ဆိုင်ရာနှီးနှောဖလှယ်ပွဲ၁၂ခုဖြစ်သော ဂျပန်နိုင်ငံအရေးပေါ်ဆေးကုသမှုတိုးတက်ပြောင်းလဲမှု၊ မျိုးပွားကျန်းမာရေးတွင် သုတေသန၏အခန်းကဏ္ဍ၊ မော်လီကျူလားတစ်သျှူးဓာတုနည်းဖြင့် မျိုးရိုးဗီဇခွဲခြမ်းစိတ်ဖြာမှုလေ့လာခြင်း၊ မြန်မာနိုင်ငံတွင် ရင်သားကင်ဆာရောဂါစိစစ်ရှာဖွေဖေါ်ထုတ်မှုတိုးမြှင့်ဆောင်ရွက်ခြင်း၊ ငှက်ဖျား၊ တီဘီနှင့်အသည်းရောင်အသားဝါရောဂါများရှာဖွေကုသထိန်းချုပ်ခြင်းအတွက် မြန်မာနှင့် ကိုရီယားနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခြင်း၊ ကျန်းမာတက်ကြွသောအိုမင်းရင့်ရော်မှုအတွက် ရင်ဆိုင်တွေ့ကြုံရမည့်စိန်ခေါ်မှုများ၊ ကာကွယ်ဆေးနှင့် ကာကွယ်ဆေးဖြင့်တားဆီး၍ရသောရောဂါများ၊ အပူပိုင်းဒေသတွင်ဖြစ်ပွားသောရောဂါများ၊ အမျိုးသားကျန်းမာရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက်သုတေသနဌာနများ၏သုတေသနအချက်အလက်များဖြန့်ဖြူးခြင်းနည်းစနစ်များအကြောင်း၊ ဩစတြေးလျနိုင်ငံ၏သုတေသနဆောင်ရွက်မှုများနှင့် ရလာဒ်များ၊ ကျောက်ကပ်ရောဂါအကြောင်း၊ ဆေးဝါးနှင့်

ပတ်သက်သောကျန်းမာရေးပြဿနာများအစရှိသည်တို့ကို ပြည်တွင်းပြည်ပမှဆေးပညာရှင်ကြီးများက ဟောပြောတင်ပြကြရာ တက်ရောက်လာသည့်သုတေသီပညာရှင်များမှ စိတ်ပါဝင်စားစွာဖြင့် သိလိုသည်များကို မေးမြန်းဆွေးနွေးကြပါသည်။






ညီလာခံပိတ်ပွဲအခမ်းအနားနှင့်ဆုပေးပွဲအခမ်းအနားကို ၁၁-၁-၂၀၁၃ရက်နေ့ မွန်းလွဲ ၂း၀၀နာရီတွင် ကျင်းပရာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်မှ ညီလာခံပိတ်ပွဲအမှာစကားပြောကြားပြီးနောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကြည်ကြည်သင်းမှဆုရွေးချယ်ရေးအဖွဲ့၏သုံးသပ်ချက်များကိုပြောကြားပါသည်။






ဆုပေးပွဲအခမ်းအနားတွင် အကောင်းဆုံးအခြေခံသုတေသနစာတမ်းဆုကို ဒေါက်တာသဲသဲမင်း ဦးဆောင်သောအဖွဲ့၊ အကောင်းဆုံးလက်တွေ့အသုံးချသုတေသနစာတမ်းဆုကို ဒေါက်တာမေခင်သန်း ဦးဆောင်သောအဖွဲ့၊ အကောင်းဆုံးကျန်းမာရေးစနစ်သုတေသနစာတမ်းဆုကို ဒေါက်တာနေစိုးမောင် ဦးဆောင်သောအဖွဲ့နှင့် အကောင်းဆုံးသုတေသနပိုစတာဆုကို ဒေါက်တာစောစော ဦးဆောင်သောအဖွဲ့တို့က အသီးသီးရရှိကြပါသည်။ ထို့ပြင် အထူးချီးမြှင့်သောလူငယ်သုတေသီဆုများကို ဒေါက်တာမိုးမိုးဟန် ဦးဆောင်သောအဖွဲ့က အခြေခံသုတေသနစာတမ်းဆုကိုလည်းကောင်း၊ ဒေါက်တာစုလတ်ထွန်းမြင့် ဦးဆောင်သောအဖွဲ့က ကျန်းမာရေးစနစ်သုတေသနစာတမ်းဆုကိုလည်းကောင်း အသီးသီးရရှိကြပါသည်။














ဆုရရှိသူများအား ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်၊ ဆုရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာကြည်ကြည်သင်း၊ ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာတင့်ဆွေလတ်၊ပြည်သူ့ကျန်းမာရေးတက္ကသိုလ်ပါမောက္ခချုပ်ပါမောက္ခဒေါက်တာနေစိုးမောင်၊ ဆေးဝါးတက္ကသိုလ်ပါမောက္ခချုပ် ပါမောက္ခဒေါက်တာမာလာမြင့်၊ ဆေးသုတေသနဦးစီးဌာန (မြန်မာပြည်အလယ်ပိုင်း) ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရီရီမြင့်တို့မှ အသီးသီးဆုများချီးမြှင့်ခဲ့ပါသည်။

## (၄၁)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ အကြိုညစာစားပွဲအခမ်းအနားကျင်းပခြင်း

(၄၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ဂုဏ်ပြုအကြိုညစာစားပွဲအခမ်းအနားကို ၆-၁-၂၀၁၃ (တနင်္ဂနွေနေ့) ညနေ၆နာရီခွဲတွင် ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းရှိ ဆီဒိုးနားဟိုတယ် ရန်ကင်းခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးပါမောက္ခဒေါက်တာဖေသက်ခင်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ လုပ်ငန်းကော်မတီအသီးသီးမှတာဝန်ရှိသူများ၊ စာတမ်းရှင်များနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြပါသည်။



*“ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအတွက်သာ”*

ညစာစားပွဲအခမ်းအနားတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ နှုတ်ဆက်အမှာစကား ပြောကြားပါသည်။ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ ညစာသုံးဆောင်စဉ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဝန်ထမ်းများမှ အဆိုအကများဖြင့်ဧည့်ခံဖျော်ဖြေခဲ့ကြပါသည်။

## ဆေးသိပ္ပံပညာရပ်ဆိုင်ရာသုတေသနလုပ်ငန်းများနှင့်ဆေးပညာရပ်ဆိုင်ရာသင်ကြားရေး ပူးပေါင်းဆောင်ရွက်မှု(၁၀)နှစ်မြောက် အထိမ်းအမှတ် အခမ်းအနားကျင်းပ

ဆေးသိပ္ပံပညာဦးစီးဌာန၊ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)နှင့် ဂျပန်နိုင်ငံ အိုကာယားမားတက္ကသိုလ်တို့ ပူးပေါင်း၍ ဆေးသိပ္ပံပညာရပ်ဆိုင်ရာ သုတေသနလုပ်ငန်းများနှင့်ဆေးပညာရပ်ဆိုင်ရာ သင်ကြားရေး ပူးပေါင်းဆောင်ရွက်မှု (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားကို ၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၂ရက်နေ့ နံနက် ၉ နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တက်ရောက်၍ အဖွင့်မိန့်ခွန်း မြွက်ကြားပါသည်။ ထို့နောက် ဂျပန်နိုင်ငံ၊ အိုကာယားမားတက္ကသိုလ်ပါမောက္ခ Kioshi Morita မှ ဆက်လက်ပြောကြားပြီး အမှတ်တရလက်ဆောင်များပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ပါသည်။ အခမ်းအနား အပြီးတွင် ဝန်ကြီးနှင့် ဧည့်သည်အဖွဲ့သည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု ပိုစတာပြပွဲကို လှည့်လည်ကြည့်ရှုပြီး မှတ်တမ်းတင် စုပေါင်းဓါတ်ပုံရိုက်ကူးကြပါသည်။














# ကူးစက်ရောဂါသုတေသနဓာတ်ခွဲခန်းအဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနားကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)နှင့် ကိုရီးယားသမ္မတနိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)တို့ ပူးပေါင်းဆောင်ရွက်သော ကူးစက်ရောဂါသုတေသနဓာတ်ခွဲခန်း အဆောက်အအုံပန္နက်တင်မင်္ဂလာအခမ်းအနားကို ၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၂ရက်၊ နံနက်စနာရီတွင် ရန်ကုန်မြို့၊ ဒဂုံမြို့နယ် ဇီဝကလမ်းရှိ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးဒေါက်တာဖေသက်ခင် တက်ရောက်၍ သတ်မှတ်နေရာ၌ ပန္နက်တင်ပေးပြီး နံ့သာရည်ပက်ဖျန်းပေးသည်။










ထို့နောက် အစည်းအဝေးခန်းမ၌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်မှ အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Kim Hae Yong ကဂုဏ်ပြုစကားပြောကြားပါသည်။ အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဒေါက်တာမြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် နိုင်ငံခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတက်ရောက်ခဲ့ကြပါသည်။






သုတေသနဓာတ်ခွဲခန်းအဆောက်အအုံစီမံကိန်းအတွက် KOICA မှ အမေရိကန်ဒေါ်လာသုံးသန်း အကုန်အကျခံဆောက်လုပ်မည်ဖြစ်ကာ စီမံကိန်းပြီးစီးပါက မြန်မာနှင့်ကိုရီးယားနှစ်နိုင်ငံအကြား ဆေးသုတေသနလုပ်ငန်းများနှင့်ဆေးပညာသင်ကြားရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးမြှင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

*"ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဝန်ထမ်းများနှင့်အငြိမ်းစားဝန်ထမ်းများအတွက်သာ"*

# (၄၁)ကြိမ်မြောက်မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ ကျင်းပရေးအစည်းဝေးကျင်းပခြင်း

ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)အစည်းအဝေးခန်းမ၌ (၄၁)ကြိမ်မြောက် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံကျင်းပရေးအစည်းဝေးကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၃ရက်နေ့တွင် ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များနှင့် ဆေးရုံကြီးများမှ ဖိတ်ကြားထားသောကော်မတီဝင်များ၊ မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာသုတေသနညီလာခံ(၂၀၁၂)တွင် ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသော ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။






အစည်းအဝေးတွင် ဒုတိယဝန်ကြီးကအဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသနညီလာခံ (၂၀၁၂ခုနှစ်)တွင် ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသောကုမ္ပဏီများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်ခဲ့ပါသည်။ ဆက်လက်၍ ညီလာခံကျင်းပရေးဦးစီးကော်မတီအတွင်းရေးမှူး ဒေါက်တာရဲထွဋ်မှ ညီလာခံကျင်းပရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ အစည်းအဝေးတက်ရောက်သူများမှ ညီလာခံနှင့် ပတ်သက်သောကိစ္စအရပ်ရပ်ကို ဝိုင်းဝန်းညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ဒုတိယဝန်ကြီးကလိုအပ်သည်များကို မှာကြားလမ်းညွှန်ခဲ့ပါသည်။









အစည်းအဝေးအပြီးတွင်ဒုတိယဝန်ကြီးနှင့်ညီလာခံကော်မတီဝင်များသည်ညီလာခံကျင်းပမည့်နေရာကိုလှည့်လည်စစ်ဆေးကြည့်ရှုခဲ့ပါသည်။

## ကျန်းမာရေးဝန်ကြီးဌာန၊ ဓမ္မာရုံကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အစည်းအဝေးကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ဓမ္မာရုံကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအစည်းအဝေးကို ၂၀၁၂ခုနှစ် နိုဝင်ဘာလ၅ရက် မွန်းလွဲ၂း၃၀တွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဇီဝဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဒေါက်တာသိန်းသိန်းဌေးတက်ရောက်၍ အမှာစကားပြောကြားပါသည်။








အစည်းအဝေးသို့ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ ဆေးတက္ကသိုလ်များ၊ ဆေးရုံကြီးများမှဓမ္မာရုံ ကြီးကြပ်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြပြီး၊ အစည်းအဝေးတွင် ကော်မတီ အတွင်းရေးမှူးဒေါက်တာရဲထွဋ်မှ ၂၀၁၂ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များနှင့် ကော်မတီ၏ဘဏ္ဍာရေး အခြေအနေကို ရှင်းလင်းတင်ပြပါသည်။ အစည်းအဝေးတက်ရောက်သူများမှ အထွေထွေကိစ္စရပ်များကို အကြံ ပြုဆွေးနွေးကြပြီးနောက် ဒုတိယဝန်ကြီးမှ နိဂုံးချုပ်လမ်းညွှန်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃း၄၅နာရီတွင် ရုပ်သိမ်းလိုက်ပါသည်။

## ငှက်ဖျားရောဂါဆိုင်ရာသုတေသနနှင့်ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍ၏ အရည်အသွေးထိန်းချုပ်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲကျင်းပခြင်း

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၁ရက် နံနက် ၉နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်း အဝေးခန်းမ၌ ကျန်းမာရေးဝန်ကြီးဌာန၊ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ငှက်ဖျားရောဂါသုတေသန၊ လေ့ကျင့်ရေးပူးပေါင်းဆောင်ရွက်မှုဌာန WHO Collaborative Centre for Research and Training on Malaria နှင့် အမေရိကန်နိုင်ငံ Johns Hopkins တက္ကသိုလ်တို့ ပူးပေါင်း ကျင်းပသော "Workshop on Quality Management in Malaria Research and Public Health Interventions" အလုပ်ရုံဆွေးနွေးပွဲကိုကျင်းပရာ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြား ရေးမှူးချုပ် ဒေါက်တာမျိုးခင်မှ အဖွင့်အမှာစကားပြောကြားပါသည်။












၂၀၁၃ခုနှစ် ဇန်နဝါရီလ ၂၁ မှ၂၃ရက်နေ့ ဆွေးနွေးပွဲကိုလည်းကောင်း၊ ဇန်နဝါရီလ ၂၄ နှင့် ၂၅ ရက်နေ့များတွင် ငှက်ဖျားပိုးကို အဏုကြည့်မှန်ဘီလူးဖြင့် စစ်ဆေးမှုဆန်းစစ်ခြင်းသင်တန်း၊ မျိုးရိုးဗီဇနည်းပညာဖြင့် ငှက်ဖျားဆေးယဉ်ပါးမှုရှာဖွေခြင်းသင်တန်းနှင့် ငှက်ဖျားဆေးများ၏ခန္ဓာကိုယ်တွင်း ဆေးဝါးကြမ္မာကို ကွန်ပျူတာနည်းပညာဖြင့်ရှာဖွေခြင်း သင်တန်းများပို့ချခဲ့ကြောင်းသိရှိရပါသည်။









အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)မှ ပညာရှင်များနှင့် အမေရိကန်နိုင်ငံ University of Marylandနှင့် Johns Hopkins Universityတို့မှ ပညာရှင်များက ဆွေးနွေးပို့ချကြပြီး ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့်ဆေးတက္ကသိုလ်များ၊တပ်မတော်ဆေးဘက်ဆိုင်ရာသုတေသနပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။

## နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် တွေ့ဆုံခြင်း

### “ပြင်သစ်နိုင်ငံ IRD မှ Director Dr Dupond နှင့် အဖွဲ့လာရောက်ခြင်း”

၂၀၁၂ခုနှစ် အောက်တိုဘာလ ၂၆ရက် နံနက် ၁၀း၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများအဖွဲ့သည် ပြင်သစ်နိုင်ငံ Institute of Research and Develop in Paris (IRO) မှ Director Mr. Herve Tissol Dupont ဦးဆောင်သောပညာရှင်အဖွဲ့အား လက်ခံတွေ့ဆုံ၍ အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေးစီမံချက်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါသည်။







## "အမေရိကန်နိုင်ငံ Bureau of Global Health US AID မှ တာဝန်ရှိသူများနှင့်တွေ့ဆုံခြင်း"

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်နှင့်ညွှန်ကြားရေးမှူး အဖွဲ့သည် ၂၀၁၂ ခုနှစ် အောက်တိုဘာ၂၉ရက် မွန်းလွဲ ၁၂း၃၀နာရီတွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးဧည့်ခန်းမ၌ အမေရိကန်နိုင်ငံ Bureau of Global Health US AID Assistant Administrator Ariel Pablos-Mendez ဦးဆောင်သောအဖွဲ့ လက်ခံတွေ့ဆုံခဲ့ပါသည်။




ထို့နောက် ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်းမတွင် ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာခင်မေဦး နှင့် ညွှန်ကြားရေးမှူးများက ဧည့်သည်အဖွဲ့အားတွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စများ၊ ဆေးပညာပူးပေါင်း ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲကျင်းပရန် ဆွေးနွေးကြပါသည်။

## "WHO Malaria Unit မှ အကြံပေးအရာရှိလာရောက်ခြင်း"

၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁ ရက် နံနက် ၁၀း၃၀နာရီတွင် WHO Malaria Unitမှ Consultant Dr. Chusak Prasittisuk သည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ ခေတ္တညွှန် ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူး ဒေါက်တာ မြတ်ဘုန်းကျော်တို့ နှင့် လာရောက်တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။





## "KOICA မှ တာဝန်ရှိသူများ နှင့်တွေ့ဆုံခြင်း"

၂၀၁၂ခုနှစ် နိုဝင်ဘာလ ၉ရက် မွန်းလွဲ၁၂း၀၀နာရီ၌ ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝ ဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမ၌ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများသည် KOICAမှ ဌာနေကိုယ်စားလှယ် Mr. Shin Man Shik ဦးဆောင်သော ဧည့်သည် အဖွဲ့အားလက်ခံတွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ပါသည်။





## "အမေရိကန်နိုင်ငံ Johns Hopkins University မှ ဧည့်သည်အဖွဲ့လာရောက်ခြင်း"

၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၅ရက် နံနက်၉း၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိအစည်းအဝေးခန်းမ၌ အမေရိကန်နိုင်ငံ Johns Hopkins University မှ Professor Dr.Catherine De Angelus, Emeritus Editor-in-chief, JAMA ဦးဆောင်သောအဖွဲ့သည် Myanmar Health Sciences Research Journal အယ်ဒီတာအဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပါသည်။ ယင်းနောက် Journal ထုတ်ဝေရေးသားခြင်းဆိုင်ရာကိစ္စရပ်များကို ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်းမ၌ ဆွေးနွေး ညှိနှိုင်းခဲ့ပါသည်။ အစည်းအဝေးတွင် MHSR Journal, Managing Editor ညွှန်ကြားရေးမှူး ဒေါက်တာဝင်းအောင်မှ ဤဦးစီးဌာနမှထုတ်ဝေလျှက်ရှိသော ဂျာနယ်စာစောင်နှင့်စာအုပ်များအကြောင်းကိုဆွေးနွေးတင်ပြပါသည်။

  

## "ပြင်သစ်နိုင်ငံ Pasteur Institute မှ ပညာရှင်များလာရောက်ခြင်း"

၂၀၁၂ခုနှစ် နိုဝင်ဘာလ ၂၆ရက်နေ့တွင် ပြင်သစ်နိုင်ငံ Pasteur Institute မှ Project Manager Moud Seguy ဦးဆောင်သောအဖွဲ့ဝင် ၂ဦးပါ ပညာရှင်အဖွဲ့သည် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများအား ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဇီဝဆေးပညာသုတေသန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပါသည်။ ထိုတွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာခင်မေဦးမှ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) သုတေသနလုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြရာ ဧည့်သည်အဖွဲ့မှ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပါသည်။

   

## "NCGM မှ ညွှန်ကြားရေးမှူးချုပ်လာရောက်ခြင်း"

၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၁၁ရက်နေ့တွင် ဂျပန်နိုင်ငံ National Center for Global Health and Medicine, The Research Center for Hepatitis & Immunologyမှ Director-General, Prof. Marashi Mizokami သည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်းမ၌ ဆေးသုတေသနပညာရှင်များနှင့် တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

  

## “အမေရိကန်နိုင်ငံ Department of Health and Human Services မှဧည့်သည်များလာရောက်ခြင်း”

၂၀၁၂ခုနှစ် ဒီဇင်ဘာ၁၁ရက် မွန်းလွဲ ၂း၀၀နာရီတွင် အမေရိကန်နိုင်ငံ US Department of Health and Human Services မှ Country Director Mitchell I Wolfe, M.D, M.P.H. ဦးဆောင်သော အဖွဲ့ဝင်၃ဦးပါ အဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်ရှိ အထူးအစည်းအဝေးခန်းမတွင် ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူးများအားလာရောက် တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပါသည်။

  

## “အမေရိကန်နိုင်ငံ Menander Universityမှ ဧည့်သည်အဖွဲ့လာရောက်ခြင်း”

၂၀၁၂ခုနှစ်ဒီဇင်ဘာလ ၁၇ရက်တွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်သည် အမေရိကန်နိုင်ငံ Menander University Foundation မှ President Thet Win နှင့် အဖွဲ့အား လက်ခံတွေ့ဆုံခဲ့ပါသည်။ ထိုတွေ့ဆုံပွဲတွင် ညွှန်ကြားရေးမှူးဒေါက်တာခင်မေဦးနှင့် ဒေါက်တာလှိုင်မြတ်သူတို့လည်း တက်ရောက်ကြပါသည်။ ထို့နောက် ဧည့်သည်အဖွဲ့သည် Molecular Labနှင့် သုတေသနဌာနခွဲအချို့အား လှည့်လည်ကြည့်ရှုပြီး သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

   

## “စင်္ကာပူနိုင်ငံ Biomedical Engineering Society မှ ဧည့်သည်အဖွဲ့လာရောက်ခြင်း”

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၁ရက် မွန်းလွဲ ၁း၃၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ဗဟိုဇီဝဆေးပညာစာကြည့်တိုက်အစည်းအဝေးခန်းမ၌ စင်္ကာပူနိုင်ငံ၊ Biomedical Engineering Society မှ Khoo Boo Cheong Director Research ဦးဆောင်သောအဖွဲ့ဝင် ၃ဦးတို့သည် ခေတ္တညွှန်ကြားရေးမှူးဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းအောင်နှင့် သုတေသနမှူးဦးမောင်မောင်ကြီးတို့နှင့် တွေ့ဆုံပြီးနောက် ဧည့်သည်အဖွဲ့သည် ကိရိယာပြုပြင်ထိန်းသိမ်းရေးဌာနခွဲသို့ သွားရောက်၍ လုပ်ငန်းဆောင်ရွက်မှုများကို ကြည့်ရှုလေ့လာမေးမြန်း ဆွေးနွေးခဲ့ပါသည်။

  

## "ဂျပန်နိုင်ငံ NBRP မှ ပညာရှင်များလာရောက်ခြင်း"

၂၀၁၂ခုနှစ် ဒီဇင်ဘာလ၂၁ရက် နံနက်၁၀း၃၀နာရီတွင် ဂျပန်နိုင်ငံ National Bio-Resource Project, MEXT မှ Tetsuo YANAGI နှင့်အဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်အား ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ လာရောက်တွေ့ဆုံပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူးဒေါက်တာမြတ်ဘုန်းကျော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။






## "ဆွီဒင်နိုင်ငံ UMEA University မှ Professor Bernt Eric Uhlin ရောက်ခြင်း"

၂၀၁၃ခုနှစ် ဇန်နဝါရီလ ၃ရက် မွန်းလွဲ ၁၂း၀၀နာရီတွင် ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်သည် ဆွီဒင်နိုင်ငံ UMEA University မှ Professor Bernt Eric Uhlin အားညွှန်ကြားရေးမှူးချုပ် ရုံးခန်း၌ လက်ခံတွေ့ဆုံပါသည်။ ထိုသို့တွေ့ဆုံရာတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူးဒေါက်တာလှိုင်မြတ်သူနှင့် ဒေါက်တာခင်စောအေးတို့လည်းတက်ရောက်ကြပြီး သုတေသနဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။





## "သြစတြေးလျနိုင်ငံ University of Adeliade မှ ဧည့်သည်အဖွဲ့လာရောက်ခြင်း"

၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၅ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ဇီဝဆေးပညာသုတေသနအစည်းအဝေးခန်းမ၌ သြစတြေးလျနိုင်ငံ University of Adeliade မှ Asso. Professor Robert J Bauze ခေါင်းဆောင်သောအဖွဲ့ဝင်၁၁ဦးပါအဖွဲ့သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)မှ ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်ဦးဆောင်သော တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးညှိနှိုင်းကြပါသည်။






## "Korea Oversea Volunteer Program မှ ဧည့်သည်အဖွဲ့လာရောက်ခြင်း"

၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၁ရက်နေ့တွင် Korea Oversea Volunteer Programအဖွဲ့မှ Ms. Choi Yun Haey ဦးဆောင်သောအဖွဲ့သည် ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်၊ ညွှန်ကြားရေးမှူး(စီမံ) ဒေါက်တာရဲတင့်လွင်တို့အား လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံအပြန်အလှန် အကူအညီပေးရေးတာဝန်ထမ်းဆောင်မည့် လုပ်အားပေးနှင့် မိတ်ဆက်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပါသည်။





## "University of Malaya မှ ပါမောက္ခလာရောက်တွေ့ဆုံခြင်း"

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၂၅ရက်နေ့တွင် မလေးရှားနိုင်ငံ University of Malaya မှ Professor Jan Paterson သည် ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်နှင့် ညွှန်ကြားရေးမှူး(သုတေသန)ဒေါက်တာခင်စောအေးတို့အား ညွှန်ကြားရေးမှူးချုပ်ရုံးခန်း၌ လာရောက်တွေ့ဆုံ၍ သုတေသနဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြပါသည်။ အဆိုပါတွေ့ဆုံပွဲတွင် သွားဘက်ဆိုင်ရာတက္ကသိုလ်မှ တာဝန်ရှိသူများလည်းတက်ရောက်ကြပါသည်။





## သုတေသနဆိုင်ရာဟောပြောပွဲများကျင်းပခြင်း

## "Use of nuclear methods for body composition, human milk intake and iron and zinc studies"

၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၄ရက် မွန်းလွဲ ၂း၀၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ Mrs. Janet R. Hunt, Nutrition Specialist, Nutritional and Health Related Environmental Studies Section, Division of Human Health, IAEA Vienna International centre, Austria သည် "Use of nuclear methods for body composition, human milk intake and iron and zinc studies" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် ဒေါက်တာခင်မေဦး၊ညွှန်ကြားရေးမှူး(သုတေသန)က သဘာပတိအဖြစ်ဆောင်ရွက်၍ စိတ်ပါဝင်စားသူ သုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြပါသည်။









## “How to Publish in Medical Journals”

၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၅ရက် နံနက်၁၁နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ Professor Dr. Catherine De Angelis, Professor of Pediatrics, Deputy Dean, Johns Hopkins School of Medicine, Emeritus Editor-in-chief JAMA သည် "How to Publish in Medical Journals" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ဂုဏ်ထူးဆောင်ဆေးသုတေသနပညာရှင်ပါမောက္ခဒေါက်တာအောင်သန်းဘတူ (Formerly Director, WHO, SEARO)က ဆောင်ရွက်၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ Johns Hopkins Universityမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသော သုတေသီပညာရှင်များ တက်ရောက်ကြပြီး သိလိုသည်များကို စိတ်ပါဝင်စားစွာဖြင့် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။







## “Myanmar Doctors Experience in Public Health and Research”

၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၇ရက် နံနက် ၉း၃၀ နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ National Institute of Health (USA)မှ ဒေါက်တာမြတ်ထူးရာဇတ်သည် "Myanmar Doctors Experience in Public Health and Research" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ဒေါက်တာမြင့်ထွေး (Former Director, WHO, SEARO) က ဆောင်ရွက်၍ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသော သုတေသီပညာရှင်များ တက်ရောက်ကြပြီး သုတေသနဆိုင်ရာကိစ္စများကို စိတ်ပါဝင်စားစွာဖြင့် မေးမြန်းဆွေးနွေးခဲ့ကြပါသည်။







## “Economic Principles and Practices in Health Research”

၂၀၁၂ခုနှစ် ဒီဇင်ဘာလ ၇ရက် မွန်းလွဲ ၁း၃၀နာရီတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ဒေါက်တာဘုန်းမြင့်၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ကျန်းမာရေးစီမံကိန်းဦးစီးဌာနသည် "Economic Principles and Practices in Health Research" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောပွဲ ပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်မှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး လူမှုဆေးပညာသုတေသနနယ်ပယ်မှ စိတ်ပါဝင်စားသူသုတေသီပညာရှင်များ တက်ရောက်ဆွေးနွေးကြပါသည်။

  

## “Modern Vascular Biology Research and Impact on Development of Novel Therapeutics”

၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၁၂ရက် နံနက် ၁၁း၀၀နာရီတွင်ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ Weill Medical College of Cornell University, USA မှ Dr. Timothy ထွန်းလှ, Professor of Pathology and Laboratory Medicine, Director, Center for Vascular Biology, သည် "Modern Vascular Biology Research and Impact on Development of Novel Therapeutics" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် Professor Dr. နေဝင်း, Director (NHL), Professor and Head, UOPH မှသဘာပတိအဖြစ် ဆောင်ရွက်ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသူသုတေသီပညာရှင်များ တက်ရောက်မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

  

## “Update on Emerging Infectious Diseases in the Asia Region”

၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁၄ရက် မွန်းလွဲ၂း၀၀နာရီတွင် Seoul National Medical University, Republic of Korea မှ Professor Jong Koo Lee, Vice President သည် "Update on Emerging Infectious Diseases in the Asia Region" ခေါင်းစဉ်ဖြင့် သုတေသနဟောပြောခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ညွှန်ကြားရေးမှူးဒေါက်တာခင်မေဦးမှ ဆောင်ရွက်ပြီး ဖိတ်ကြားထားသူများ၊ စိတ်ပါဝင်စားသော သုတေသီပညာရှင်များတက်ရောက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။

   

## “New insights into Malaria control”

၂၀၁၃ခုနှစ် ဖေဖော်ဝါရီလ ၈ရက် နံနက် ၁၀း၃၀နာရီတွင် Burnet Institute, Australia မှ Professor Brendan Crabb Director and CEO, သည် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ "New insights into Malaria control" ခေါင်းစဉ်ဖြင့် သုတေသန ဟောပြောပွဲပြုလုပ်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် သဘာပတိအဖြစ် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်မှ ဆောင်ရွက်ပြီး ညွှန်ကြားရေးမှူးများ၊ သုတေသီပညာရှင်များတက်ရောက်၍ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပါသည်။






## ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) (၃၄)ကြိမ်မြောက် ကထိန်သင်္ကန်းကပ်လှူပူဇော်ပွဲကျင်းပခြင်း

ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)၏ (၃၄)ကြိမ်မြောက် မိသားစုမဟာဘုံကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၂၀၁၂ခုနှစ် နိုဝင်ဘာလ ၁၆ ရက် တန်ဆောင်မုန်းလဆန်း ၃ ရက် (သောကြာနေ့)တွင် ဗဟိုဇီဝဆေးပညာစာကြည့်တိုက်အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဒဂုံပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒ အမှူးပြုသော ပင့်သံဃာတော် (၁၀)ပါးတို့ကြွရောက်တော်မူကြပြီး ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ အငြိမ်းစားဝန်ထမ်းများနှင့် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)၏ အရာထမ်း၊ အမှုထမ်းဝန်ထမ်းများ တက်ရောက်ကြည်ညို၍ ကထိန်ဥတ်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းအစုစုကို ဆက်ကပ်လှူဒါန်းကြပါသည်။





ရှေးဦးစွာ ဆရာတော်သံဃာတော်များနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို နမောတဿ သုံးကြိမ်ရွက်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြပါသည်။ ထို့နောက် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဒဂုံပရိယတ္တိစာသင်တိုက်ပဓာနနာယကဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒထံမှ ငါးပါးသီလ

ခံယူကြပြီး ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များကို ရွတ်ပွားသရာဇ္ဈာယ်တော်မူ ကြပြီးနောက် ဆရာတော်ကြီးမှတရားချီးမြှင့်ဟောကြားတော်မူပါသည်။ ယင်းနောက် ဆရာတော်သံဃာတော်များထံသို့ ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်နှင့် ဧည့်ပရိသတ်များက ကထိန်ဥတ်သက်န်းကြီး၊ သင်္ကန်းများ၊ နဝကမ္မ အလှူတော်ငွေနှင့် ပဒေသာပင်မှ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပါသည်။





ဆက်လက်၍ ဆရာတော်ထံမှ ဆေးသုတေသနမိသားစုဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပါသည်။ ထို့နောက် ဒေါက်တာရဲထွဋ်မှ ရွှေမိုးငွေမိုးကြဲ ပက်ဖျန်း၍ ဧည့်ပရိသတ်များက ဗုဒ္ဓသာသနံ၊ စီရံတိဋ္ဌတု သုံးကြိမ်ရွက်ဆိုဆုတောင်းကာ အခမ်းအနားကို ရုတ်သိမ်းပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ပါသည်။

## ဒီဇင်ဘာအားကစားကာလ ဝန်ထမ်းများစုပေါင်းလမ်းလျှောက်ပွဲကျင်းပခြင်း

ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)ဝန်ထမ်းများနှင့် မိသားစုများ၏ စုပေါင်းလမ်းလျှောက်ပွဲကို ၁၅-၁၂-၂၀၁၂နေ့ နံနက် ၆း၀၀နာရီ၌ ဗဟိုဇီဝဆေးပညာစာကြည့်တိုက်စုရပ်၌ ကျင်းပရာ ခေတ္တညွှန်ကြားရေးမှူးချုပ်ဒေါက်တာမျိုးခင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲထွဋ်နှင့် ညွှန်ကြားရေးမှူးများ၊ အရာထမ်း၊ အမှုထမ်းများနှင့် ယင်းတို့၏ မိသားစုဝင်များတပျော်တပါး ပါဝင်ဆင်နွှဲ ကြပါသည်။ လမ်းလျှောက်ပွဲကို ဇီဝကလမ်းမှစတင်၍ ဦးဝိစာရလမ်း၊ ပန်တျာလမ်း၊ ရွှေတိဂုံဘုရားလမ်း၊ ဇီဝကလမ်းမှတဆင့်ရုံးရှေ့အထိသို့ စုပေါင်းလမ်းလျှောက်ကြပါသည်။ အဆိုပါလမ်းလျှောက်ပွဲတွင် အင်အား တစ်ရာကျော်ခန့် ပါဝင်ဆင်နွှဲခဲ့ကြပါသည်။





# ၆၅နှစ်မြောက်လွတ်လပ်ရေးနေ့အထိမ်းအမှတ်မိသားစုအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲအခမ်းအနားကျင်းပခြင်း

၆၅နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မိသားစုအားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားကို ၂၀၁၃ခုနှစ် ဇန်နဝါရီလ ၁ရက် (အင်္ဂါနေ့)တွင် စည်းကားသိုက်မြိုက်စွာကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါအခမ်းအနားတွင် ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲ၊ ရိုးပတ်အပြေးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲနှင့် သီချင်းအဆိုပြိုင်ပွဲတို့ကို ပြုလုပ်ခဲ့ပါသည်။ ထို့နောက်ပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများမှ အသီးသီးဆုများ ချီးမြှင့်ပြီးဌာနခွဲအလိုက် လက်ဆောင်ပစ္စည်းများလဲလှယ်ကြပါသည်။






Anniversary
Department of Medical Research
(Lower Myanmar)
Since 1963

## ဆေးသုတေသနဦးစီးဌာန(အောက်မြန်မာပြည်)နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနားကျင်းပမည်

ဆေးသုတေသနသမိုင်းကြောင်းကိုသိရှိ၍ အဆင့်ဆင့်တိုးတက်စေရန်ဆောင်ရွက်လာခဲ့ပုံများကို နောင်လာနောက်သားများ သင်ခန်းစာနမူနာယူနိုင်ရန်နှင့် ဆေးသုတေသနအငွေ့အသက်၊ အစဉ်အလာအမြဲရှင်သန်၍ ပြည်သူ့အကျိုးပြု ဆေးသုတေသနလုပ်ငန်းဆောင်ရွက်လိုစိတ်များနိုးကြားတက်ကြွနေစေရန် ရည်ရွယ်၍ "ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) နှစ်(၅၀)ပြည့် ရွှေရတုအခမ်းအနား" ကို ၂၀၁၃ ခုနှစ် ဇွန်လ (၁၀) ရက်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်ပါ၍ အခမ်းအနားသို့ ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)တွင် တာဝန်ထမ်းဆောင်ခဲ့ကြသော သုတေသီပညာရှင် ဆရာကြီး၊ ဆရာမကြီးများနှင့် ဝန်ထမ်းဟောင်းများပါဝင်ဆင်နွဲကြပါရန်ဖိတ်ခေါ်အပ်ပါသည်။

**နှစ် (၅၀) မြောက် ရွှေရတု အထိမ်းအမှတ်အခမ်းအနားကျင်းပရေးကော်မတီ**
**ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်)**

**ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အီလက်ထရောနစ်သတင်းလွှာ အယ်ဒီတာအဖွဲ့မှ ၂၀၁၁ ခုနှစ် ဇွန် လမှ စတင်၍ ၄ လလျှင် တစ်ကြိမ် စီစဉ်ဖြန့်ဝေပါသည်။**